# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 25 , 2024 — Volume 76, Number 17


၂၅.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၇၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၁.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၇.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၁၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၆၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန် အစည်းအဝေး (၁/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား



မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၁/၂၀၂၄)ကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ရုံးအမှတ် (၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဖွင့်အမှာစကားပြောကြားရာတွင် ယှဉ်ပြိုင်မှုဥပဒေသည် စီးပွားရေးနှင့်သက်ဆိုင်သည့် ကဏ္ဍတိုင်းနှင့် ပတ်သက်နေသည့်အတွက် သဘောသဘာဝအရ ကျယ်ပြန့်သကဲ့သို့ နိုင်ငံတကာတွင်လည်း ဒေသတွင်း၊ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေကြပြီဖြစ်သည့်အတွက် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရှိရပါကြောင်း၊ ကိုဗစ်-၁၉ နောက်ပိုင်း ကမ္ဘာ့စီးပွားရေးပြန်လည်ထူထောင်မှုတွင် ယှဉ်ပြိုင်မှုဥပဒေ၏ အခန်းကဏ္ဍ၊ ဒစ်ဂျစ်တယ်စီးပွားရေးတွင် ယှဉ်ပြိုင်မှုဥပဒေ၏ အခန်းကဏ္ဍစသည်ဖြင့် အသစ်အသစ်သော အခြေအနေများတွင်လည်း ယှဉ်ပြိုင်မှုက ပိုမိုအရေးပါလာသည့်အတွက် နောက်ကျမကျန်ခဲ့စေရေး ပိုမိုအားစိုက်ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ပြည်တွင်းတွင်

တရားမျှတသည့်ယှဉ်ပြိုင်မှု ထွန်းကားရေးအတွက် ထိန်းကျောင်းဆောင်ရွက်ရမှာဖြစ်သကဲ့သို့ ပြည်ပဆက်ဆံရေးတွင်လည်း လစ်ဟင်းမှုမရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒေသတွင်းနှင့် နှစ်နိုင်ငံချင်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့်အမှုကိစ္စများ၊ တိုင်ကြားမှုများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှု များအပေါ် ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ အတွင်းရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**Source: https://commerce.gov.mm**

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်နှင့်လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရာတွင် ကုန်သွယ်မှုတိုးတက်ရေးနှင့် လျင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ






မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်နှင့်လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရာတွင် ကုန်သွယ်မှုတိုးတက်ရေးနှင့်လျင်မြန်ချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါ ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၊ နေ့လယ် (၂) နာရီအချိန်တွင် နေပြည်တော်ရှိ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ In Person/ Virtual ဖြင့် ကျင်းပ ပြုလုပ်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးပွဲသို့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ မြန်မာ စီးပွားရေးသံမှူး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌနှင့်အတူ ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း (၃၄) ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း စီးပွားဖြစ်စိုက်ပျိုးဖြစ်ထွန်းပြီး တရုတ်နိုင်ငံမှ ဝယ်ယူလိုသော လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC) မှတ်ပုံတင်စာရင်းတွင်ပါရှိပြီး ကုန်သွယ်မှုတိုးတက်ရေးနှင့် လျင်မြန်ချောမွေ့စွာ တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် သက်ဆိုင်ရာအသင်းအဖွဲ့မှ တာဝန်ရှိသူများပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်နိုင်ရန် အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အတွင်း ပို့ကုန် လျာထားချက်ပြည့်မီရန် မြန်မာ့လယ်ယာထွက်ကုန်များအတွက် အရေးပါသည့် တရုတ်နိုင်ငံ၏ ဈေးကွက်အတွင်း သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊

မြန်မာ့လယ်ယာထွက်ကုန်များကို GACC မှတ်ပုံတင်စာရင်းတွင် ပါရှိနိုင်ရေးအတွက် ထိထိရောက်ရောက် ဆွေးနွေးကြစေလိုကြောင်း၊ အသင်းအဖွဲ့များမှ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပွင့်လင်းစွာညှိနှိုင်းဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ စီးပွားရေးသံမှူးနှင့်အသင်းအဖွဲ့များမှ တက်ရောက်လာကြသူများက GACC တွင် မှတ်ပုံတင်ရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး၊ ကုန်သွယ်မှုပမာဏ တိုးတက်စေရေးကိစ္စများအား ပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။ ယင်းနောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source: https://myantrade.gov.mm/article/Naypyitaw_2232024_1635**

## မြန်မာ့ပဲမျိုးစုံ ဈေးသက်သာတာကြောင့် ဂျပန်တိုးမြှင့်ဝယ်ယူလို

ကမ္ဘာ့ဈေးကွက်မှာ မြန်မာပဲမျိုးစုံက ဈေးနှုန်းအရ အနည်းငယ်သက်သာမှုရှိတာကြောင့် ဂျပန်နိုင်ငံက တိုးမြှင့်ဝယ်ယူလိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားလာပါတယ်။

ဂျပန်နိုင်ငံက မြန်မာနိုင်ငံအပြင် အခြားနိုင်ငံတွေကလည်း ပဲမျိုးစုံတင်ပို့နေတာရှိတယ်။ ဒါပေမဲ့ မြန်မာ့ပဲမျိုးစုံက ဈေးအနည်းငယ်သက်သာတာကြောင့် ဂျပန်နိုင်ငံက ပိုပြီးတော့ ဝယ်ယူလိုတယ်လို့ ဆိုပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံကနေ ဂျပန်နိုင်ငံကို တင်ပို့တဲ့ပဲမျိုးစုံကို သူတို့ရဲ့ စံသတ်မှတ်ချက်တွေနဲ့ကိုက်ညီစေဖို့ လာရောက်ပြီး အသိပညာပေးတာတွေ ရှိနေပါတယ်။

ဂျပန်နိုင်ငံက လာရောက်အသိပညာပေးတဲ့အတိုင်း ပြည်တွင်းမှာ ပဲမျိုးစုံစိုက်ပျိုး၊ ထုတ်လုပ်၊ သိုလှောင်၊ တင်ပို့စတဲ့ လုပ်ငန်းစဉ်အဆင့်တိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ပြီး ဂျပန်အပြင် အခြားပြည်ပနိုင်ငံတွေဆီလည်း အရည်အသွေးမြင့်ပဲတွေ ထုတ်လုပ်တင်ပို့နိုင်ဖို့ ရည်ရွယ်ထားပါတယ်။

ယခုဘဏ္ဍာနှစ်မှာ လက်ရှိအချိန်ထိ ဂျပန်နိုင်ငံကို ပဲမျိုးစုံတန်ချိန် ၂၀,၀၀၀ နီးပါး တင်ပို့ခဲ့ပြီးဖြစ်ပါတယ်လို့ စားသုံးသူရေးရာ တာဝန်ရှိသူက ပြောပါတယ်။

မြန်မာနိုင်ငံကနေ ပဲမျိုးစုံကို အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ စင်ကာပူ၊ ဗီယက်နမ်၊ အီးယူနဲ့ အခြားသော ဝယ်လက်နိုင်ငံတွေထံ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေ တင်ပို့လျက်ရှိပါတယ်။ လက်ရှိမှာ စုစုပေါင်း ကမ္ဘာ့ပဲမျိုးစုံ တင်ပို့မှုရဲ့ ၁၂ ရာခိုင်နှုန်းခန့်ကို မြန်မာနိုင်ငံကနေ တင်ပို့ခွင့်ရရှိထားပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းတွေအရ ယခုဘဏ္ဍာနှစ်မှာ ပြည်ပနိုင်ငံတွေထံ ပဲမျိုးစုံတန်ချိန် တစ်သန်းခန့် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ရရှိထားကြောင်း သိရှိရပါတယ်။

**Source: BETV Business**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၈-၃-၂၀၂၄ မှ ၂၂-၃-၂၀၂၄) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတစ်တန်ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂၄,၉၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃၂,၂၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃၈,၁၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲFAQ/ RC(2024Crop) ကျပ် ၆၇,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၆၀,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁,၃၀,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀၅လုံး (တန်ချိန် ၂၅၂၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၉၅ လုံး (တန်ချိန် ၂၂၈၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024

Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) နှင့် ပဲစင်းငုံ Red/RC (2024 Crop) ကွန်တိန်နာ ၁၅လုံး (တန်ချိန် ၃၀၀) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၇၀၀၀၊ မြားနီ ကျပ် ၇၀၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၁၂၅၀၀ နှင့် မြစ်ဝပု ကျပ် ၁၀၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ်(သစ်) AC ကျပ် ၅၀၀၊ မြားနီ ကျပ် ၁၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၁၅၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်ငရုတ်သီးမှာဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၂,၅၀၀ (၂,၅၀,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၂၅၀၀ ( ၃၇,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၀,၃၀၀ (၂,၀၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၂၂၀၀ (၃၃,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၂၂၀၀ (၄၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀( ၄၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၅၅၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၄၆၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၂၁၀၀ ဈေးကျဆင်းခဲ့ပြီး မန်ကျည်းသီး ရမည်းသင်းဒါးဇင်း ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၄၈၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၇၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၉၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၃၄၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင် (ဒုံး) ကျပ် ၁၅၀ ၊ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၀၊ ရေစကြိုထန်း လျက်(ချော)ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး သကြား(ပြည်တွင်း) ကျပ် ၁၁၀ ဈေးမြင့်တက်ခဲ့သည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ကဏန်းပျော့ ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ကဏန်းပျော့ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်ကပြောပြ၍ သိရသည်။ ဖျာပုံမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဇန်နဝါရီလက ကဏန်းပျော့သန့်စင်ပြီး ပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့ထိ ကဏန်းပျော့ သန့်စင်ပြီး ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကထွက်ရှိတဲ့ ကဏန်းပျော့တွေ ပြည်တွင်းရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အခုနှစ် ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ပြန်လည်သွက်လက်လာပြီး ရန်ကုန်ဘက်က အဝယ်လိုက်လာတာပါ။ လက်ရှိရန်ကုန်ဘက်ကနေတစ်ဆင့် ကဏန်းပျော့တွေ ပြည်ပနိုင်ငံတွေကို ပြန်လည်တင်ပို့လာတာကြောင့်လည်း အဝယ်လိုက် လာတာပါ။ ဒီဘက်ဒေသမှာ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို အခုလိုရာသီမှာ အများဆုံးမွေးမြူပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်ကပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကဏန်းပျော့များကို ရန်ကုန်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ၊ တရုတ်

နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသထွက်ကဏန်းပျော့များ ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

**https://myantrade.gov.mm/article/naypyitaw_25032024_103**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၈-၃-၂၀၂၄ မှ ၂၂-၃-၂၀၂၄)ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ကုန်စည်ဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၅၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၉၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၃၀၀၊ မြစ်သားလတ်ကြီး ကျပ် ၃၃၀၀၊ မြစ်သားလတ်သန့် ကျပ် ၃၃၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီးကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၈၀ စီး (၁၀,၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၆၀ စီး (၉,၆၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂၀ စီး ( ၁,၂၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၉၇၀၀၊ အောင်ပန်းထူး-၂ ကျပ် ၈၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၉၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၀,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၂၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၈၀၀ (၁,၁၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၈၀၀ (၁,၄၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၀၀၀ (၃၀,၀၀၀ ပိဿာ)ပိုမို ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မွန်ပြည်နယ် ဆားဈေးကွက်အတွင်း ဆားဈေးနှုန်း ကျဆင်းနေသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေ



မွန်ပြည်နယ် ဆားဈေးကွက်အတွင်း ဆားဈေးနှုန်းကျဆင်းနေသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေသည့်အတွက် ဆားတောင်သူများ အဆင်ပြေလျက်ရှိကြောင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ဆားလုပ်ငန်းလုပ်ကိုင်သူများ၏ ပြောဆိုချက်အရ သိရသည်။

ဆားလုပ်ငန်းကို ပွင့်လင်းရာသီတွင် စတင်လုပ်ကိုင်ကြပြီး မုတ်သုံဝင်ပါက ဆားထုတ်လုပ်သည့် လုပ်ငန်းများရပ်နားကြကြောင်း၊ ယခုနှစ် ဆားထုတ်လုပ်သည့်ရာသီတွင် ရာသီဥတုကောင်းမွန်သောကြောင့် ဆားအထွက်နှုန်းပြည့်မီသည့်အပြင် ဆားဝယ်လိုအားပါကောင်းမွန်ကြောင်း၊ ထို့ပြင် ဆားဈေးနှုန်းမှာလည်း ဖေဖော်ဝါရီလက ဆားကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၈၅ ကျပ်အထိ ဈေးကောင်းရရှိခဲ့ပြီး ယခုလတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၆၀ ကျပ်အထိ ဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။

မွန်ပြည်နယ်မှ ဆားရာသီ တစ်ရာသီလျှင် ဆားတန်ချိန် သုံးသောင်းဝန်းကျင်ထွက်ရှိပြီး လက်ရှိအချိန်ထိ ဆားတန်ချိန် တစ်သောင်းကျော်ထွက်ရှိကာ ထွက်ရှိသမျှ ဆားများအရည်အသွေး ကောင်းမွန်သည့်အတွက် ဈေးကွက်အတွင်း ရောင်းအား ကောင်းမွန်ကြောင်း၊ လတ်တလောတွင် ဒေသတွင်းစားသုံးမှုအပြင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်မှထွက်ရှိသည့် ဆားကြမ်းများကို ဆားချောကြိတ်ပြီး မန္တလေးတိုင်းဒေသကြီးသို့တင်ပို့ကာထိုမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တို့သို့ တင်ပို့သကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးမှလည်း မှာယူလျက်ရှိကြောင်းသိရသည်။

**Source: https://www.myawady.net.mm**

## ဗီယက်နမ်နိုင်ငံတွင် ဓာတ်ဆီဈေးတစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၇၀၀ ကျော်မြင့်တက်

ဗီယက်နမ်နိုင်ငံစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏နောက်ဆုံးညှိနှိုင်းမှုအပြီး မတ်လ ၂၁ ရက်နေ့ မွန်းလွဲ (၃) နာရီမှ စတင်ကာ ဓာတ်ဆီတစ်လီတာလျှင် ၇၀၀ ကျော် ဈေးနှုန်းသို့ ပြန်လည်ပြင်ဆင်ခဲ့ကြောင်း သိရှိရသည်။

ဓာတ်ဆီ 92 ၏ လက်လီဈေးသည် တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၇၂၉ မြင့်တက်ကာ ၂၃,၂၁၉ ဈေးနှုန်းဖြင့် ရောင်းချခဲ့ပြီး 95 သည် တစ်လီတာလျှင် ၂၄,၂၈၄ ဒေါင်ဖြင့် ရောင်းချခဲ့ပြီး ၇၄၂ ဒေါင် မြင့်တက်ခဲ့သည်။

ဒီဇယ်ဈေးနှုန်းများမှာ တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၂၁,၀၁၄ ဒေါင်ဖြင့် ရောင်းချပြီး ၄၆၉ ဒေါင်တက်ကာ ရေနံဆီဈေးနှုန်းမှာ တစ်လီတာလျှင် ၂၁,၂၆၆ ဒေါင်ဖြင့် ရောင်းချပြီး ၅၆၀ ဒေါင် တက်လာခဲ့သည်။

အဆိုပါ ဈေးနှုန်းညှိနှိုင်းမှုကာလအတွင်း စက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေးရန်ပုံငွေကို ဝန်ကြီးဌာနများက အသုံးမပြုရန် ဆုံးဖြတ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

**Source: Viet Nam News**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

**https://myantrade-gov-mm.translate.goog/ar**

## ကြက်သွန်နီတင်ပို့မှု တားမြစ်ချက်ကို အိန္ဒိယသက်တမ်းတိုး

အိန္ဒိယနိုင်ငံက ကြက်သွန်နီ တင်ပို့မှုတားမြစ်ချက်ကို နောက်ထပ်အမိန့်မထုတ်ပြန်မီ အချိန်အထိ သက်တမ်းတိုးလိုက်ကြောင်းသိရသည်။ အိန္ဒိယအစိုးရက ပြည်ပသို့ကြက်သွန်နီ တင်ပို့မှုတားမြစ်သည့်ကာလကို ယခင်က မတ်လကုန်အထိ သတ်မှတ်ထားခြင်းဖြစ်သည်။ သို့သော် မတ်လ ၂၂ ရက် ညနေပိုင်းတွင်မူ အစိုးရထံမှ နောက်ထပ်အမိန့်မရမချင်း ပြည်ပသို့ ကြက်သွန်နီတင်ပို့မှုကို ဆက်လက်တားမြစ်ကြောင်း ပြည်ပကုန်သွယ်ရေး ညွှန်ကြားရေးမှူးချုပ်ရုံးက ထုတ်ပြန်လာသည်။

ပြည်တွင်း၌ ကြက်သွန်နီစားသုံးမှု ဖူလုံမှုရှိစေရန်နှင့် ပြည်တွင်းဈေးကွက် တည်ငြိမ်မှုရှိစေရန်ရည်ရွယ်၍ အိန္ဒိယအစိုးရက ပြည်ပသို့ကြက်သွန်နီ တင်ပို့မှုကို တားမြစ်ထားခြင်းဖြစ်သည်။ အဆိုပါ ကြက်သွန်နီတင်ပို့မှု တားမြစ်ချက်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကတည်းက စတင်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source: https://www.myawady.net.mm**

## တရုတ်နှင့်ဟွန်ဒူးရပ်စ်တို့အကြား (၄) ကြိမ်မြောက် FTA ညှိနှိုင်းဆွေးနွေးမှုကို ပြုလုပ်ခဲ့

တရုတ်-ဟွန်ဒူးရပ်စ် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (FTA) လက်မှတ်ရေးထိုးရေးဆိုင်ရာ စတုတ္ထအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၁၉-၂-၂၀၂၄ ရက်နေ့မှ ၂၁-၃-၂၀၂၄ ရက်နေ့အထိ ပေကျင်းမြို့၌ကျင်းပခဲ့သည်ဟု တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

တရုတ်နှင့် ဟွန်ဒူးရပ်စ်နှစ်နိုင်ငံသည် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီး မြှုပ်နှံမှု စသည့်နယ်ပယ်

များတွင် အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အပြုသဘောဆောင်သော တိုးတက်မှုများရရှိခဲ့ကြောင်း ဝန်ကြီးဌာနထံမှ သိရသည်။

တရုတ်နှင့်ဟွန်ဒူးရပ်စ်တို့သည် ၂၀၂၃ ခုနှစ်၊ မတ်လတွင် သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့ပြီးနောက် နှစ်နိုင်ငံအကြား FTA ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင် စတင်ခဲ့ကြောင်းနှင့် နှစ်နိုင်ငံ FTA အတွက် ကနဦးအစီအစဉ်တစ်ခုကို ပြီးခဲ့သည့်လတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**Source:** https://www.chinadaily.com.cn/a/202403/22/WS65fc6585a31082fc043be07e.html

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

**https://myantrade.gov.mm/article/Naypyitawstp_250320241100**

## STOCK EXCHANGE (25.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,000 (Shares) | 37,237,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 2,345 | 19,698,000 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 4,053 | 11,551,050 | 38,929,150 | 110,948 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 246 | 1,894,200 | 10,400,986 | 80,088 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 682 | 989,450 | 29,664,613 | 43,014 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | -50 | -2.78% | 1,750 | 1,750 | 1,750 | 370 | 647,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,700 | 4,800 | 4,600 | 47 | 217,400 | 10,497,598 | 50,389 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 1,257 | 2,239,650 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 25th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.54 | -3.07 | -0.85% | 359.86 | 359.86 | 357.43 | 9,000 | 37,237,250 | 8 | 676,274 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:30 am, 25th Mar, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,793 (Shares) | 19,043,950 (MMK) |

| MYANPIX | 358.70 ▼ 2.91 |
|---|---|
| Total Volume (shares) | 2,793 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,567 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▼ 50 |

TIR